mgyee.com
SAMPLE BOOK



နိုင်းနိုင်းစနေ

# နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း

mgyee.com

mgyoe.com
SAMPLE BOOK

ဘယ်နေရာမှာပဲ
ရှင်သန်ပေါက်ရောက်ပါစေ...
ပေါက်ရောက်ရာအရပ်မှာ
ဖူးပွင့်လိုက်စမ်းပါ...
နာကျင်စမ်းနည်းလို့ဆိုပြီး
ရန့်ထုတ်လွှင့်ဖို့
မမေ့လိုက်ပါနဲ့...။

Junichi Watanabe
(ဂျပန်စာရေးဆရာ)

နှလုံးသားနောက်ကျောမှာပွင့်တဲ့ပန်း(မိုင်းနိုင်းစနေ)
9 782023 000182

Cover Design
PAING NAING AUNG @ 2023


mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၈)

ပုံနှိပ်မှတ်တမ်း

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## နှလုံးသားနက်နက်မှာ ပွင့်တဲ့ပန်း

ထုတ်ဝေသည့်အကြိမ် ♦ စတုတ္ထအကြိမ်၊ ၂၀၂၅ ခုနှစ်၊ မေလ

မျက်နှာဖုံးဒီဇိုင်း ♦ ပိုင်နိုင်အောင်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၆၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

နိုင်းနိုင်းစနေ
နှလုံးသားနက်နက်မှာ ပွင့်တဲ့ပန်း / နိုင်းနိုင်းစနေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၈) နှလုံးသားနက်နက်မှာ ပွင့်တဲ့ပန်း

mgyoe.com

mgyoe.com SAMPLE BOOK


စာရိပ်မြိုင်

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

(၁)

**ပျိုး**

အညာရယ် အလွမ်းရယ်
မိချောရယ်



(၂)

**မယ်စု**

အချစ်ဦးရဲ့
ဂျင်းဂျက်ကတ်လေး



(၃)

**နိုင်းနိုင်းစနေ**


နောက်ဆုံးနတ်သုငယ်



(၄)

**လင်းရောင်နီ(စစ်ဘော)**

ရိုးရာနှင့်
အညာဓလေ့ဝတ္ထုတိုများ



(၅)

**တင်မောင်မြင့်**

အချစ်ရိုင်းရဲ့
အရိုင်းချစ်





(၆)

**မိုင်ရာ**


တစ္ဆေညာရဲ့
သန်းခေါင်ယံ



(၇)

**မိုးစက်ငြိမ်း**


စိတ်အတွက်
ဖတ်စာ



(၈)

**လူခါး**

ဦးအောင်သင်းကို
မော့ကြည့်ခြင်း



(၉)

**နိုင်းနိုင်းစနေ**

တစ်သက်တာအဖော်



(၁၀)

**ခင်သန္တာ**

မလွန်ခင်လေး
လွမ်းရအောင်

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၁၁

**ဆွေဇင်နေမင်း**
ခေါင်မိုးများ






၁၄

**ခင်မြဇင်**
ဆည်းဆာချိန် တိမ်နီများ

၁၂

**ဝါဝါတင့်ဆွေ**
အက်ဒ်ဒီ






၁၅

**ရှူးရှူမေ**
ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း

၁၃

**နေထွန်းလင်း**
ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ်





၁၆

**နဒီလင်းသစ်၊ဆေး-၂**
အိမ်ထောင့်သုခ



၁၇

**ရွှေဥဒေါင်း**
ပထမ ဆရာသိန်း

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | အမှတ်တရစကား | ၆ |
| ၁။ | ပန်းတိုင်း အသီးသီးလိုစိတ် ရှိတယ် | ၈ |
| ၂။ | ပန်းတစ်ပွင့်ရဲ့ အလှ | ၁၁ |
| ၃။ | နှင်းဆီ့စကား | ၁၃ |
| ၄။ | ရေခဲပန်းရဲ့အိပ်မက် | ၁၆ |
| ၅။ | ပန်းကြွေရဲ့ ပုံစံအနေအထား | ၁၉ |
| ၆။ | မိန်းမနှင့် ပန်းတို့အကြောင်း | ၂၁ |
| ၇။ | နေကိုဗဟိုပြုသော ပန်းကလေးတစ်ပွင့် | ၂၄ |
| ၈။ | ပန်းပွင့်သံကို ကြားလိုက်တယ် | ၂၇ |
| ၉။ | ပန်းကလေးရဲ့ မင်္ဂလာပွဲ | ၃၀ |
| ၁၀။ | သစ်ရွက်နှစ်ရွက်ရဲ့ လွတ်ငြိမ်းရာ | ၃၂ |
| ၁၁။ | ရောက်ရာအရပ်၌ မွေးကြိုင်သူ | ၃၅ |
| ၁၂။ | ညဥ့်နက် ပန်းအိပ်ချိန် | ၃၇ |
| ၁၃။ | ပင်မှည့် ဥယျာဉ် | ၄၀ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၁၄။ | နှင်းဆီပန်း ပွင့်ချိန် | ၄၃ |
| ၁၅။ | ပန်းပင်နှစ်ပင်ရဲ့ ပြိုင်ပွဲ | ၄၆ |
| ၁၆။ | ပန်းပွင့်တိုင်း အသီးသီးဖို့ မလို | ၄၈ |
| ၁၇။ | သစ်ငုတ်တိုမှာလည်း နွေဦးရာသီ ရှိတယ် | ၅၁ |
| ၁၈။ | ပန်းတစ်ပွင့်နဲ့အတူ ပွင့်လန်းခြင်း | ၅၅ |
| ၁၉။ | တစ်သက်တာမွေးတဲ့ ပန်းကလေး | ၅၈ |
| ၂၀။ | စိတ်ဝိညာဉ် ပန်းပွင့်သောအခါ | ၆၂ |
| ၂၁။ | မယုံနိုင်ဖွယ်ရာ ရေတကောင်းပင် | ၆၄ |
| ၂၂။ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ | ၆၆ |
| ၂၃။ | သစ်ပင်၊ သစ်ရွက်၊ လေပြည် | ၆၉ |
| ၂၄။ | သစ်ရွက်လေးကြွေတာ လေရဲ့ခေါ်ဆောင်မှုကြောင့်လား<br>သစ်ပင်က နေခွင့်မပေးလို့လား | ၇၆ |
| ၂၅။ | ပန်းစကား | ၈၁ |
| ၂၆။ | လရောင်ကိုချစ်မိသွားသော ပန်းနေကြာ | ၈၈ |
| ၂၇။ | စပျစ်နဲ့ ဘူးသီး | ၉၂ |
| ၂၈။ | ရှင်သန်ခြင်း | ၉၇ |
| ၂၉။ | တောရိုင်းပန်းလေး ဒုမလီ | ၁၀၁ |
| ၃၀။ | နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း | ၁၀၃ |
| ၃၁။ | ဖူးပွင့်ချိန်နဲ့ ကြွေလွင့်မှုကြား | ၁၀၆ |
| ၃၂။ | ပန်းကလေးရဲ့ အထိန်းတော် | ၁၀၈ |
| ၃၃။ | နှလုံးသားထဲ ပွင့်တဲ့ ပန်း | ၁၁၁ |
| ၃၄။ | နေရောင်အောက်က ပန်းနေကြာ | ၁၁၄ |
| ၃၅။ | ရွက်ရွှဲ့သိမ်ငယ်တဲ့ မြက်ပင်ဆိုတာ မရှိ | ၁၁၇ |


mgyoe.com

mgyoe.com SAMPLE BOOK

# အမှတ်တရစကား

"နှလုံးသားနက်နက်မှာ ပွင့်တဲ့ပန်း" ကို ၂၀၂၀ ပြည့်နှစ် မေလမှာ ထုတ်ဝေခဲ့ပါတယ်။ ၃ နှစ်နီးပါးကြာခဲ့ပြီမို့ စာအုပ်ဆိုင်တွေမှာ စာအုပ်ပြတ်နေခဲ့တာကြောင့် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေဖြစ်ပါတယ်။ ဒီဒုတိယအကြိမ်မှာတော့ ထုတ်ဝေရေးအသစ်နဲ့ ထုတ်တာကြောင့် စာတွေကို ပြန်လည်ပြင်ဆင် တည်းဖြတ်ဖြစ်ပါတယ်။ စာအုပ်နဲ့ သိပ်အံမဝင်တဲ့ စာမူတချို့ကို ဖြုတ်ပြီး နောက်ထပ် စာမူအသစ်တချို့ကို ထပ်ဖြည့်လိုက်တော့ စာအုပ်ဟာ ပန်းရနံ့တွေ ပိုသင်းထုံသွားသလိုပါပဲ။

ဒီပန်းရနံ့လေးတွေက ဖတ်သူရဲ့မျက်လုံးကနေတဆင့် ရင်ထဲစိမ့်ဝင်ပြီး နှလုံးသားကို ပိုနူးညံ့သွားစေမယ် ထင်ပါတယ်။ ပန်းသဘောသဘာဝကို လူ့အကျင့်စရိုက်နဲ့ နှိုင်းယှဉ်ပြီး ပေါက်ရောက်ရာအရပ်မှာ အစွမ်းကုန် ရှင်သန်ဖူးပွင့်ရဲတဲ့ပန်းတွေအကြောင်း ဖတ်မိရင်ဖြင့် ခွန်အားတချို့ရရှိမယ်လို့ မျှော်လင့်ပါတယ်။ အနည်းဆုံးတော့ ပန်းတွေကို ပိုတန်ဖိုးထား ပိုမြတ်နိုးသွားမယ်လို့ ယုံကြည်ပါတယ်။

*ပန်းပွင့်လေးတွေလို ရဲရဲဖူးပွင့်ပြီး လန်းဆန်းနိုင်ကြပါစေ*

*ချစ်ခင်လေးစားလျက် . . .*

**နိုင်းနိုင်းစနေ**

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းတိုင်း အသီးသီးလိုစိတ် ရှိတယ်
(Xia Yekong)

ဆောင်းဦးက ရိတ်သိမ်းတဲ့ ရာသီကာလပေါ့။

ဆောင်းဦးမှာ ရရှိတဲ့အကျိုးအမြတ်က နွေဦးမှာ ပွင့်တဲ့ပန်းတွေကြောင့် ဖြစ်တယ်။

အဲဒီနှစ်က အဖေဟာ ဥယျာဉ်ခြံထဲမှာ ပန်းသီးပင်တစ်ပင် စိုက်လိုက်တယ်။ ပန်းသီးပင်ကို အဖေစိုက်လိုက်တယ်လို့ သိလိုက်ရချိန် ကျွန်မမျက်လုံး လက်ခနဲ ဖြစ်သွားတယ်။ နောက်ဆိုရင် နီနီရဲရဲ ပန်းသီးကြီးတွေ စားရတော့မယ်ပေါ့။ နောက် ဆိုရင် ကိုယ့်ခြံထဲမှာပဲ ပန်းသီးတွေကို သမီးတို့ ခူးစားနိုင်ပြီပေါ့လို့ အဖေကို ပြော တော့ အဖေက ပြုံးပြုံးရယ်ရယ်နဲ့ ဟုတ်တာပေါ့လို့ ဆိုတယ်။

အဖေ့အပြေကြောင့် အဲဒီပန်းသီးပင်ကို ကျွန်မအများကြီး မျှော်လင့်ခဲ့ တယ်။

မျက်စိတစ်မှိတ်အတွင်းမှာပဲ နှစ်တစ်နှစ်ကုန်လွန်ပြီး နွေဦးရာသီကို ရောက်လာခဲ့ပြန်တယ်။ ပန်းသီးပင်က ပန်းတွေ ပွင့်လာကြတယ်။ တစ်ပင်လုံး ပန်းတွေ ဝေဝေဆာဆာ ဖူးပွင့်ကြတယ်။ ဒါပေမဲ့ ပန်းတွေကြွေသွားတဲ့နောက်မှာ ကျွန်မ မျှော်လင့်ချက် မဲ့ခဲ့ရတယ်။ တစ်ပင်လုံး လှိုင်ခဲ့တဲ့ပန်းတွေဟာ နောက်ဆုံး မှာ ကျိုးတိုးကျဲတဲ့အသီးတွေသာ ချန်ထားခဲ့ပြီး အဲဒီအသီးတွေဟာလည်း ရက်သိပ် မကြာခင်မှာပဲ သစ်ကိုင်းထက်မှာ ညှိုးခြောက်သွားခဲ့တယ်။ အဲဒီနောက် မြေပေါ် ကြွေ

mgyoe.com

mgyoe.com SAMPLE BOOK
ကျကုန်ခဲ့တယ်။ အဲဒီအခါကျမှ ရာသီဥတုနဲ့ မြေဆီကြောင့်ဆိုတာကို ကျွန်မတို့တစ်မိသားစုလုံး သိလိုက်ရတယ်။ ကျွန်မတို့ဒေသက ပန်းသီးစိုက်ပျိုးလို့ မသင့်တော်တဲ့နေရာပါ။ ဒါကြောင့် ပန်းပွင့်တိုင်း အသီးကို ရနိုင်မှာ မဟုတ်ပါဘူး။

ပန်းသီးပင်ဟာ အသီးမအောင်ပေမယ့် နှစ်စဉ် နွေဦးရာသီရောက်တိုင်း တစ်ပင်လုံး ပန်းလှိုင်လှိုင် ပွင့်နေခဲ့တယ်။ အဲဒီပန်းသီးပင်ကို အဖေနဲ့ ကျွန်မ နှစ်သက်မြဲ နှစ်သက်ဆဲပါပဲ။ အသီးမသီးနိုင်လည်း ပင်လုံးပြည့်တဲ့ ပန်းတွေကို ကြည့်နေရလည်း မဆိုးဘူးလို့ ထင်ခဲ့ကြတယ်။

ဒီလိုနဲ့ နွေဦးရာသီရောက်တိုင်း အပွင့်တွေဝေဆာနေတဲ့ အဲဒီပန်းသီးပင်ကို ကျွန်မတို့ ဝမ်းသာအားရ ကြည့်ခဲ့ကြတယ်။ တစ်ခါက စကားတစ်ခွန်းကို ကျွန်မလက်လွတ်စပယ် ပြောလိုက်မိတယ်။

"ဒီပန်းသီးပင်ကလည်း အသီးကျ မသီးဘဲ နှစ်တိုင်း ဘာလို့ ပန်းပွင့်နေတာလဲ မသိဘူး"

အဖေက နားထောင်ပြီး အကြာကြီးစဉ်းစားရင်းက-

"ပန်းတစ်ပွင့်တိုင်းက အသီးသီးလိုတဲ့စိတ် ရှိကြတာပဲ။ အသီးမအောင်လည်း သူတို့က နှစ်တိုင်း ပန်းပွင့်နေကြတယ်။ ပန်းပွင့်မှ အသီးသီးနိုင်မယ့် မျှော်လင့်ချက် ရှိမှာ။ တကယ်လို့ ပန်းတောင်မပွင့်ရင် ဘယ်ကလာ အသီးသီးမယ့် မျှော်လင့်ချက် ရှိတော့မလဲ"

အဖေ့စကားကို ကျွန်မတစ်ညလုံး စဉ်းစားခန်းဝင်ခဲ့မိတယ်။

ဟုတ်သားပဲ။ ပန်းတစ်ပွင့်တိုင်းက အသီးသီးလိုကြတယ်။ အသီး မသီးနိုင်မှန်းသိလည်း သူတို့က လှလှပပ ပွင့်လန်းကြတယ်။ အသီးမသီးနိုင်ဘူးဆိုပြီး ပန်းမပွင့်ဘဲ သူတို့မနေဘူး။

ပန်းတစ်ပွင့်တိုင်း အသီးသီးလိုတဲ့စိတ် ရှိကြတယ်။

အဖေရဲ့အဲဒီစကားက ကျွန်မနှလုံးသားနက်နက်ထဲ မှတ်ကျောက်တင်ခဲ့ပြီး ကျွန်မကို လှုံ့ဆော်နေခဲ့တယ်၊ ကျွန်မကြီးပြင်းရာမှာ အဖော်ပြုနေခဲ့တယ်။ ကျွန်မရဲ့ ဘ၀ ၁၀ နှစ်ကျော်ကာလမှာ အဲဒီစကားတစ်ခွန်းရဲ့ အဓိပ္ပာယ်ကို ကြေကြေညက်ညက် ဝါးနေခဲ့မိတယ်။ တမူထူးခြားတဲ့ မွှေးရနံ့ရလာတဲ့အထိ ဖြည်းဖြည်းချင်း ဝါးနေခဲ့တယ်။ အဲဒီကမှ လေးစားခြင်းကို ကျွန်မ သင်ယူနိုင်ခဲ့တယ်။

ပန်းတစ်ပွင့်တိုင်းကို လေးစားတတ်ဖို့၊ သက်ရှိတစ်ခုတိုင်းကို လေးစားတတ်ဖို့ သင်ယူနိုင်ခဲ့တယ်။ မိမိကိုယ်ကိုရဲ့ စိတ်ကူးအိပ်မက်အတွက် ကြိုးစားနေသူ

mgyoe.com

mgyoe.com SAMPLE BOOK

တိုင်းကို လေးစားဖို့ သင်ယူနိုင်ခဲ့တယ်။ ပန်းတစ်ပွင့်တိုင်းမှာ အသီးသီး လိုတဲ့စိတ်ရှိပြီး နောက်ဆုံး လိုချင်တဲ့အသီးကို မသီးနိုင်ခဲ့တာဟာ ပန်းလှလှ မပွင့်ခဲ့လို့ မဟုတ်ဘူး၊ အသီးသီးဖို့ မကြိုးစားခဲ့တာလည်း မဟုတ်ဘူး ဆိုတာ ကျွန်မ နားလည်ခဲ့ရတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## ပန်းတစ်ပွင့်ရဲ့ အလှ
(Sun DaoRong)

သစ်ခက်ပေါ်မှာ လှပနူစ်လိုဖွယ်ကောင်းတဲ့ ပန်းလေးတစ်ပွင့် ပွင့်နေတယ်။

ငါ့အလှကို ငါ ဘယ်လိုထိန်းရမလဲလို့ ပန်းက တီးတိုးရေရွတ်တယ်။

ဒါကို လေပြည်က ကြားတော့ "နင့်ရနံ့ကို ငါဖြန့်လိုက်မယ်လေ။ ဒီလိုဆိုရင် နင့်အလှကလည်း ပျံ့သွားမယ်" လို့ ပြောတယ်။

ပန်းက မခို့တရို့လေး ပြုံးလိုက်တယ်။ ဒါဟာ အကြံကောင်းပဲပေါ့။ ဒါပေမဲ့ ဒါကလည်း ငါမကြွေလွင့်ဖို့ကို မတားဆီးနိုင်ပါဘူးလေ။

"ဒီလိုလုပ်ပါလား၊ ပန်းချစ်တဲ့သူကို ခူးပြန်စေပြီး ပန်းအိုးထိုးထားလိုက်ရင် နင်လည်း တစ်အိမ်လုံးရဲ့ ရှုခင်းဖြစ်သွားမှာ"လို့ သစ်ရွက်က ပြောတယ်။

ပန်းကလေး ခေါင်းခါတယ်။

"ပန်းအိုးထဲ အလှထိုးခံရတာမျိုးကို ငါနည်းနည်းမှ မကြိုက်ခဲ့ဘူး။ ဒါဟာ ပန်းတစ်ပွင့်ရဲ့ ကြေကွဲစရာအကောင်းဆုံး ကိစ္စရပ်တစ်ခုပဲ။ ပန်းအိုးထဲ အထိုးခံရတာဟာ ငါတို့ကို မြန်မြန်ကြွေစေတာပါပဲ"

"ငါ့ အပေါင်းအဖော်တချို့ကို လူတွေက ပုံသွင်းထားလိုက်ကြတယ်။ သူတို့ ဘယ်တော့မှ မမွေးဖွား၊ မသေတော့ဘူး။ လှပတဲ့သူတို့ရဲ့ပုံသဏ္ဌာန်နဲ့ အရောင်အသွေးကို တစ်သက်လုံး ထိန်းသိမ်းထားကြတယ်။ နင်လည်း ထိန်းထားချင်ရင် လူတွေကို ပန်းခြောက်အဖြစ် လုပ်ခိုင်းလိုက်ပါလား။ ဒီလိုဆိုရင် ကြွေလွင့်ဖို့ကို

mgyoe.com

mgyoe.com SAMPLE BOOK
နင်စိုးရိမ်စရာ မလိုတော့ဘူး။ အခုလိုပဲ လှပနှစ်လိုမှုတွေကို ထိန်းထားနိုင်မှာ” လို့ လိပ်ပြာတစ်ကောင်က ပန်းကိုနှစ်သိမ့်တယ်။

လိပ်ပြာရဲ့စကားကို ပန်းကလေးက စဉ်းစားလိုက်တယ်။

ဟင့်အင်း၊ ဒီလိုလှပမှုက အသက်မဲ့တယ်။

ငါ သေရင်သေသွားပါစေ၊ ဒီလို ခြောက်ကပ်ကပ် လှနေတာမျိုးကို မလိုချင်ဘူး။

အားလုံးက သူတစ်မျိုး ငါတစ်မျိုးနဲ့ လှတဲ့ပန်းကလေးအတွက် အကြံထုတ်ကြတယ်။

“နင့်အလှကို နင်တစ်သက်လုံး ထိန်းထားချင်သလား. . . တဲ့” ပျားက ရယ်ပြီး မေးတယ်။

ပန်းကလေးက လေးလေးနက်နက် ခေါင်းညိတ်တယ်။

ကျန်တဲ့ပန်းတွေ အားလုံးကလည်း ခေါင်းညိတ်ကြတယ်။

“ကြည့်. . . အခုပဲ နင်တို့ကို ငါကူညီနေတယ်လေ” ပျားဟာ ပန်းတစ်ပွင့်ကနေ အခြားပန်းတစ်ပွင့်ဆီ ပျံသွားတယ်။ စူးရှတဲ့အပ်ကလေးပေါ်မှာ အရောင်လက်လက် ဝတ်ရည်တွေ တွယ်ကပ်နေတယ်။

“နင်တို့ဝတ်မှုန်ကူးဖို့အတွက် အခု ငါကူညီနေတယ်လေ။ သိပ်မကြာခင်မှာပဲ နင်တို့ ကြွေလွင့်ကြတော့မယ်။ ဒါပေမဲ့ ဒါဟာ နင်တို့သေသွားကြတာ မဟုတ်ဘူး။ နင်တို့ရဲ့အလှ ပျောက်ကွယ်သွားတာလည်း မဟုတ်ဘူး။ ဒါဟာ နင်တို့ အသီးသီးကြတော့မလို့။ အသီးက နင်တို့ရဲ့ ရှေ့ဆက်မယ့်ဘဝပေါ့။ ဒါကမှ ပန်းတစ်ပွင့်ရဲ့အလှဆုံး အဆုံးသတ်ဖြစ်တယ်”

သစ်ခက်ပေါ် လေပြည်လေး ဖြတ်တိုက်သွားပြီး နွေဦးရဲ့လျှို့ဝှက်ချက်တစ်ခုကို ဆင့်ကမ်းသွားတယ်။ အသီးသီးတယ်၊ ဒါဟာ ပန်းတစ်ပွင့်ရဲ့အလှကို ထိန်းထားရစ်ခဲ့နိုင်မယ့် အကောင်းဆုံးနည်းတစ်ခုပဲ ဖြစ်တယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# နှင်းဆီစကား
(Qi Yun Zhi)

လူတွေ ရင်းရင်းနှီးနှီးရှိတဲ့ ပန်းတွေထဲမှာ နှင်းဆီပန်းက တမူထူးခြားတယ်။ အပွင့်လှပေမယ့် တစ်ကိုယ်လုံး ဆူးရှိတယ်။

တစ်ခါက သုတေသနတစ်ခုလုပ်တော့ နှင်းဆီဆယ်မျိုးလောက် ကျွန်မ ပျိုးခဲ့တယ်။ အဲဒီနှင်းဆီတွေကို ပျိုးချိန် လက်ကိုဆူးစူးတာ၊ သွေးထွက်တာ တစ်ကြိမ် မကခဲ့ဘူး။ အဲဒီတခဏ နောက်တစ်ကြိမ် သုတေသနလုပ်ရရင် ဆူးမရှိတဲ့ နှင်းဆီ ရအောင် ပျိုးမယ်လို့တောင် ကျွန်မ တွေးလိုက်မိတယ်။

အဲဒီနောက် နှင်းဆီနဲ့ ဖက်လှဲတကင်း နေဖန်များမှ ဒီလောကမှာ ခြောက် ပစ်ကင်းတဲ့အရာ မရှိဘူး၊ နှင်းဆီကို သူ့ဆူးတွေဖယ်ဖို့ ငါဘယ်လို အတင်းအဓမ္မ လုပ်လို့ရနိုင်မလဲလို့ နားလည်လာခဲ့တယ်။

လူတွေရဲ့အကြည့်မှာတော့ နှင်းဆီရဲ့ဆူးက ချို့ယွင်းချက်ပဲ။ ဒါပေမဲ့ နှင်းဆီကတော့ အဲဒီလိုမထင်ဘူး။

နှင်းဆီပန်းနဲ့ သူ့ဆူးအကြောင်းကို ဂရိဒဏ္ဍာရီပုံပြင်က ဒီလိုဆိုပါတယ်။

တစ်နေ့မှာ အချစ်နတ်သား လမ်းလျှောက်နေရင်း နှင်းဆီပန်းကို တွေ့ တယ်။ အဲဒီတုန်းက နှင်းဆီပန်းဟာ အဖြူရောင်ဖြစ်တယ်။ မွှေးကြိုင်ပြီး ရည်မွှန် ကျက်သရေ ရှိတယ်။ အချစ်နတ်သားက ပန်းကလေးလှလိုက်တာဆိုပြီး ခူးဖို့ လက် လှမ်းလိုက်တာ မထင်မှတ်ဘဲ ပန်းကြားကနေ ပျားတစ်ကောင် ရုတ်တရက် ပျံထွက်

mgyoe.com

mgyoe.com SAMPLE BOOK

လာလို့ အချစ်နတ်သား လန့်သွားခဲ့တယ်။ လန့်သွားတဲ့ အချစ်နတ်သားဟာ မြား ထုတ်ပြီး နှင်းဆီပန်းကို ပစ်ထည့်လိုက်တယ်။ အဲဒီကစ နှင်းဆီပန်းရိုးမှာ ဆူးတွေ ပြည့်သွားခဲ့တော့တယ်။ အဲဒီဆူးတွေက အချစ်နတ်သား ပစ်လိုက်တဲ့ မြားပဲဖြစ်တယ်။

သိပ်မကြာခင်မှာပဲ အချစ်နတ်သားဟာ နှင်းဆီပန်းခူးဖို့ လက်ရွယ်ပြန် တယ်။ မြားအသွင်ပြောင်းထားတဲ့ ဆူးတွေက သူ့လက်ညိုးကို စူးမိပြန်ပြီး ပွင့်ဖတ် ပေါ် သွေးစက်တွေကျသွားခဲ့တယ်။ အဲဒီကစ နှင်းဆီပန်းဟာ အနီရောင်ပြောင်း သွားခဲ့တယ်။

အနီရောင်သွေး၊ အချစ်နတ်သားရဲ့ မြားနဲ့ အချစ်. . . ဒါတွေအားလုံး ပေါင်းစပ်ပြီး "အချစ်ရဲ့ကိုယ်စားလှယ်" နှင်းဆီဆိုတာ ဖြစ်လာခဲ့တယ်။

ကမ္ဘာမြေပေါ် လူတွေမရောက်လာခင်တုန်းက နှင်းဆီရဲ့ဆူးက ကြီးပြီး မာတယ်။ နှင်းဆီဆူးရှိရတာကလည်း အခြားအပင်တွေလို မိမိကိုယ်ကို ကာကွယ်ဖို့ ပြင်ပက ကျူးကျော်လာသူကို ဟန့်တားဖို့ဖြစ်တယ်။ သူ့ဘေးပတ်ဝန်းကျင်က အရွက် စားတိရစ္ဆာန်နဲ့ ပိုးမွှားတွေကို ခပ်ဝေးဝေးနေဖို့ သတိပေးတာဖြစ်တယ်။

နှင်းဆီဟာ ချစ်ကြောင်းကိုပြတဲ့ စကားလုံးအဖြစ် ဂုဏ်တိုးမြှင့်သွားတဲ့ နောက်မှာလည်း နှင်းဆီရိုးပေါ်မှာ ဆူးတွေရှိနေဆဲ ဖြစ်တယ်။ အချစ်ကိုဆူးနဲ့ "သတိပေး" ဖို့ မျှော်လင့်ပုံရတယ်။ "အချစ်" ဆိုတဲ့စကားလုံးကို လူတွေ အသုံးပြု ချိန်မှာ သတိရှိဖို့ ဖြစ်ပါလိမ့်မယ်။

ပြင်ပရန်ကာကွယ်ဖို့၊ သတိပေးဖို့ ကိုယ့်ရဲ့ဆူးက လူတွေရဲ့မျက်စိထဲမှာ ကိုးရိုးကားယားနိုင်လိမ့်မယ်လို့ နှင်းဆီထင်ခဲ့မှာ မဟုတ်ပါဘူး။

လူတော်တော်များများက နှင်းဆီမှာ ဆူးရှိလို့ဆိုပြီး မကျေမနပ် ဆိုညည်း ကြတယ်။ တကယ်လို့ ဆူးတွေကြား ပွင့်လန်းလာတဲ့ နှင်းဆီကို နွံထဲက ပွင့်လန်းလာ တဲ့ ကြာဖြူအဖြစ် တွေ့မြင်ပေးကြရင်တော့ ဘယ်လောက်များ ကျေးဇူးတရားကြီး လိမ့်မလဲ။

နှင်းဆီကို ဆူးနဲ့အတူ ယှဉ်တွဲတဲ့ ရှုထောင့်ကနေ နှင်းဆီကို ကျွန်မ စကြည့် ခဲ့ပါတယ်။ ဒါက ကျွန်မကို ပျော်ရွှင်ခြင်းများစွာ သယ်လာပေးနိုင်ခဲ့တယ်။ စွဲမက်စရာ ကောင်းတဲ့ နှင်းဆီတွေနဲ့ အတူရှိနေချိန်ဆိုရင် ကျွန်မရဲ့ အလုပ်ကိုတောင် ကျွန်မ အမြဲမေ့သွားတတ်တယ်။ ပွင့်နေတဲ့နှင်းဆီ ပွင့်ဖတ်တွေကို မြင်လိုက်တိုင်း ကျွန်မမှာ လည်း နှင်းဆီလို လှပတဲ့စိတ်ခံစားချက်မျိုးကို ရုတ်ခြည်းရလိုက်တတ်တယ်။

နှင်းဆီပန်းရဲ့ အလှ၊ ရနံ့၊ သင်းကြိုင်မွှေးကြူတဲ့ နှင်းဆီခင်းထဲ ဖြတ်လျှောက်

mgyoe.com

mgyoe.com SAMPLE BOOK

ရတိုင်း ကျွန်မတစ်ကိုယ်လုံးကို ပိုးချည်တွေလို သူ့အနံ့အသက်တွေ အားလုံးနဲ့ ရစ်ပတ်၊ နှောင်ဖွဲ့စေလိုက်တယ်။

နှင်းဆီထုတ်လွှတ်လိုက်တဲ့ ရနံ့က ဝတ်မှုန်တွေ ကူးလူးမယ့်သူတွေကို ဆွဲခေါ် ညှို့ငင်တဲ့ နှင်းဆီရဲ့မာယာ ဖြစ်တယ်။ ရနံ့ရဲ့ဖမ်းစားမှုအောက်မှာ ပျားပိတုန်းတွေ၊ လိပ်ပြာတွေက စိတ်လှုပ်ရှားစွာနဲ့ ပျံသန်းကြတော့တယ်။ နှင်းဆီရဲ့ ရွှန်းစိုလှပတဲ့ အရောင်က ပန်းအနား အရောက်လာမယ့်သူတွေအတွက် တောက်ပတဲ့ "မီးပြတိုက်" ဖြစ်တယ်။ ရနံ့ရဲ့သင်းပျံ့မှုနဲ့ အရောင်ရဲ့ ရွှန်းစိုတောက်ပမှုက အရွက်စားတိရစ္ဆာန်တွေကို အလွယ်တကူ ညှို့ယူနိုင်ပါတယ်။ အဲဒီထဲမှာ လူလည်း အပါအဝင်ဖြစ်တယ်။

ဒီလိုအချိန်မျိုးမှာ နှင်းဆီမှာသာ မာတဲ့ဆူး မရှိခဲ့ရင် လှပတဲ့ အဲဒီပန်းကလေးအတွက် အရမ်းအန္တရာယ် များပါတယ်။ နှင်းဆီအတွက် ရွှန်းစိုလှပမှု၊ ရနံ့ သင်းပျံ့မှုနဲ့ ဆူးက ခွဲလို့မရဘူး ဆိုတာကို ကျွန်မ နားလည်လိုက်ပါတယ်။

တကယ်လို့ လူရဲ့ရှုထောင့်ကနေ နှင်းဆီပန်းကို ကြည့်ပါလို့ ဆိုလာခဲ့ရင် နှင်းဆီမှာရှိတဲ့ ဆူးက အခြားလူ သည်းမခံနိုင်တဲ့ ကျွန်မတို့ အကျင့်စရိုက်ရဲ့ ထူးခြားတဲ့လက္ခဏာ ဖြစ်မှာပါ။ အဲဒီထူးခြားတဲ့ လက္ခဏာက မဆိုးဘူးဆိုရင်တောင် ကောင်းတယ်၊ မကောင်းဘူးဆိုတာကလည်း မတူတဲ့ရှုထောင့်က မြင်တွေ့ရတဲ့ ကောက်ချက်တွေပဲဖြစ်တယ်။

နှင်းဆီကို ချစ်တဲ့သူကတော့ နှင်းဆီရဲ့ဆူးနဲ့ ဆူးစူးခံမယ့်ဒဏ်ကို ခံနိုင်ကြတယ်။ တကယ်လို့ လူတစ်ယောက်ကို ချစ်ရင်လည်း သူ့ရဲ့အကောင်းအဆိုး အကျင့်စရိုက်အားလုံးကို လက်ခံနိုင်ရမှာပဲ မဟုတ်လား။ ဒီလောကမှာ လုံးဝပြီးပြည့်စုံတဲ့အရာဆိုတာ မရှိသလို ခြောက်ပစ်ကင်းတဲ့လူ ဆိုတာလည်း မရှိပါဘူး။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK

# ရေခဲပန်းရဲ့ အိပ်မက်

(LiliXue)

ကျွန်မက ပန်းတစ်ပွင့်ပါ။ မှန်ပြတင်းပေါက်နားမှာ ပွင့်နေတဲ့ ရေခဲပန်းလေး တစ်ပွင့်ဖြစ်တယ်။ အေးစက်တဲ့ ညတစ်ညမှာ ကိုယ့်ကိုယ်ကိုယ် လှလှပပ ဖူးပွင့်ဖို့ ကျွန်မ ကြိုးစားနေတယ်။ လှသထက်လှအောင် ကျွန်မ ကြိုးစားနေတယ်။ ဟုတ်ပါ တယ်၊ ဘယ်သူမှာမဆို လှပတဲ့အိပ်မက်တစ်ခုတော့ ရှိကြတယ်။ ကျွန်မလည်း အပါအဝင်ပေါ့။ ကျွန်မက ၃၆၀ ရက်လုံး မက်ခဲ့တဲ့ စိတ်ကူးအိပ်မက်တစ်ခုကို ဖူးပွင့်ဖို့ မျှော်လင့်နေခဲ့တာပါ။

မိုးလင်းပြီ။ ပြတင်းခန်းဆီးက ဖြည်းဖြည်းချင်း ပွင့်လာတယ်။ ကျွန်မ စင်ပေါ် ရောက်သွားသလိုပေါ့။ ကျွန်မ စိတ်လှုပ်ရှားနေတယ်။

"အိုး. . . လှလိုက်တာ" ဆိုတဲ့ တအံ့တသြ ပြောဆိုသံနဲ့ လက်ခုပ်သံကို ကျွန်မအလျှင်စလို မျှော်လင့်နေမိတယ်။ ဒါပေမဲ့ ကျွန်မရှေ့ ထွက်ပေါ်လာတာက အဘွားအိုတစ်ဦးပါ။

ကျွန်မကို သူမြင်ပါတယ်။

အာငွေ့ဖြူကို မှုတ်ထုတ်နေတဲ့ သူ့မျက်နှာက မာတာတာကြီးပါ။

ကျွန်မ မျှော်လင့်ချက်မဲ့သွားပါတယ်။

သူက အဝတ်စုတ်တစ်ထည်ယူပြီး ကျွန်မကို သပ်ချဖို့ လုပ်တယ်။

ကျွန်မတစ်ကိုယ်လုံး တုန်ယင်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘွားဘွား. . . မလုပ်နဲ့. . ."

ပြတင်းနားက ကလေးမလေး ရုတ်တရက် နိုးလာပြီး အော်လိုက်တယ်။

"လှလိုက်တာ. . ."

ခုတင်ပေါ်က ခုန်ချပြီး အဝတ်အစားကို သူကောက်ယူ ဝတ်လိုက်တယ်။ အဲဒီနောက် ကျွန်မရှေ့ သူမှောက်ချလိုက်တယ်။

"ဒါက ဂန္ဓာမာပန်းလေးတစ်ပွင့်ပဲ ဘွားဘွား၊ ကြည့်. . . သူ့ပွင့်ဖတ်လေးက လှလိုက်တာ"

အဘွားအိုက မျက်စောင်းတစ်ချက်ကြည့်ပြီး အခုမှ ကျွန်မအလှကို မြင်တွေ့သွားဟန်နဲ့-

"အင်း. . . အင်း. . . ဟုတ်ပါရဲ့၊ လှလိုက်တာ. . ."

ဒီသက်ကြီးသက်ငယ်ရဲ့ ချိုးမွမ်းသက်ပြင်းချသံကြားမှာ အေးစက်တဲ့ အခန်းလေးက နွေးထွေးသွားသလိုပဲ။

သူတို့ပြောတာကို နားထောင်ပြီး ကိုယ့်ကိုယ်ကိုယ် ကျွန်မ ကျေနပ်မိသလို ကြည်လင်ထိုးဖောက်ပြီး ရည်မွန်လှပတဲ့ ခံစားချက်စကားလုံးမျိုးကို သူတို့မပြောတဲ့အတွက် ဝမ်းနည်းသွားမိတယ်။ ဟုတ်မှာပါ. . . ကလေးမက ငယ်သေးသလို အဘွားအိုက ဘာပညာမှ သင်ယူခဲ့ပုံမပေါ်တော့ သူတို့ဆီကနေ လှပတဲ့စကားလုံးတွေကို ကျွန်မ မျှော်လင့်မနေတော့ပါဘူး။

"ဘွားဘွား. . . ဒီမှာကြည့်. . . ဒီမှာ မြင်းတစ်ကောင် ရှိတယ်" ကလေးမက ရုတ်တရက် ပြောတယ်။

"ဟုတ်သား. . . ဟုတ်သား။ မြင်းကြီး. . . နောက် တစ်ရက်နှစ်ရက်လောက်နေရင် သမီးဖေဖေနဲ့ မေမေ မြင်းစီးပြီး ပြန်လာတော့မှာ" အဘွားအိုက ရေလိုက်ငါးလိုက် ပြောလိုက်တယ်။

ကောင်မလေး ရုတ်တရက် တိတ်သွားတယ်။

ခဏလောက်နေတော့ ကုန်းရုန်းထပြီး-

"မေမေနား သွားမယ်. . . ဖေဖေနား သွားမယ်" လို့ အော်ငိုပြီး မှန်ပြတင်းရှေ့ ထိုးမှောက်လိုက်တယ်။ နီစွေးစွေးလက်ကိုဆန့်ပြီး ကျွန်မကို အားနဲ့ ဆွဲချေတော့တယ်။ အရိုးထဲထိ ကျွန်မတစိမ့်စိမ့် နာလိုက်တာ။ ကျွန်မရဲ့လှပတဲ့ ပွင့်ဖပ်လေးတွေ၊ ထိုးထိုးထောင်ထောင် ဝတ်ဆံလေးတွေက ရေခဲမှုန်လေးတွေလို တစစီကြွေသွားခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘွားအိုက ကလေးမကို ကတုန်ကယင် လှမ်းပွေ့ပြီး နှစ်သိမ့်တယ်။

"လိမ္မာတယ်. . . သမီးလေး၊ လိမ္မာတယ်. . . ခဏနေ နေမြင့်လာရင် နွေးလာတော့မှာ အဲဒါကျရင် ပြတင်းပေါက်က ကြည်သွားတော့မှာ. . . သမီးရဲ့ ဖေနဲ့ မေကို သမီးမြင်ရတော့မှာပါ"

ကလေးမရဲ့ နာကျင်မှုက ကျွန်မထက် ပိုနက်ပါလားလို့ ကျွန်မ ရုတ်တရက် ခံစားလိုက်ရတယ်။ ပြတင်းပေါက်အပြင်က သူငေးမျှော်မယ့် မြင်ကွင်းကို ကျွန်မက ကာဆီးထားပါလား။ ကျွန်မကိုယ်ကျွန်မ အပြစ်တင်မိလိုက်တယ်။ အိမ်ထဲက မီးဖို ဒီထက်ပိုနွေးလာဖို့၊ နေမင်း ဒီထက်ပိုမြင့်လာဖို့ကို ကျွန်မ မျှော်လင့်မိတယ်။ ခန္ဓာကိုယ်ကို ကျွန်မအတတ်နိုင်ဆုံး လှုပ်ရှားနေမိတယ်။ ပြတင်းပေါက်နားက နေရောင် ခပ်ယဲ့ယဲ့နဲ့ အိမ်ထဲက အနွေးဓာတ် ဖျော့ဖျော့လေးကို ကျွန်မအစွမ်းကုန် ရှူရှိုက်နေမိတယ်။

ကျွန်မရဲ့ကြိုးစားမှု အရာထင်ခဲ့ပါတယ်။ ကျွန်မတစ်ကိုယ်လုံး နွေးပြီး ပူလာသလို ခံစားရတယ်။ ကျွန်မခန္ဓာကိုယ် ဖြည်းဖြည်းချင်း အရည်ပျော်ပြီး မျက်ရည် စီးကြောင်းအဖြစ် စီးကျလာတယ်။ ၃၆၀ ရက်ကြာ စောင့်မျှော်ခဲ့တဲ့ ကျွန်မရဲ့အိပ်မက် ပြိုကွဲသွားပြီဆိုတာကို ကျွန်မ သိလိုက်တယ်။ ဒါပေမဲ့ ကျွန်မ နောင်တ မရပါဘူး။ ကလေးမရဲ့ အသာငမ်းငမ်း မျှော်လင့်နေတဲ့ အဲဒီမျက်လုံးအစုံက သူ့ကို ကျွန်မ အိပ်မက်တစ်ခု ပေးသင့်ပြီဖြစ်ကြောင်း ကျွန်မ နားလည်လိုက်ပါတယ်။ ကျွန်မရဲ့ ခန္ဓာကိုယ်က ဖြည်းဖြည်းချင်း အရည်ပျော်ပြီး ကြည်လင်တဲ့မျက်ရည်စက် အဖြစ် လုံးထွေးသွားတော့တယ်။

ကျွန်မဘဝရဲ့နောက်ဆုံးအချိန်လေးမှာ လေးပင်တဲ့ ခြံတံခါးဖွင့်သံကို ကျွန်မ ကြားလိုက်မိတယ်။ အဲဒီနောက် လူနှစ်ယောက် ဝင်လာတာကို တွေ့လိုက်တယ်။ တစ်ဆက်တည်းမှာပဲ ကလေးမရဲ့မျက်နှာပေါ်မှာ အလှပဆုံး ပန်းလေး တစ်ပွင့် ဖူးပွင့်သွားတော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းကြွေရဲ့ ပုံစံအနေအထား
(Liu Huang Tian)

အိမ်တံခါးဝမှာ လက်ဖက်ပင်တစ်ပင် ရှိတယ်။ ပန်းပွင့်တွေက မပေါ်လွင်လို့ သူ့ကို ကျွန်မ သိပ်မကြိုက်ပါဘူး။ နီတစ်ဖတ်၊ ဖြူတစ်ဖတ် အရောင်တွေက မစစ်လိုက်တာ. . . ရေဆေးပန်းချီနဲ့ ခြယ်ထားသလိုပါပဲ။

ဒါပေမဲ့ မနေ့က မိုးရွာပြီးတဲ့နောက် အိမ်ထဲဝင်လာတဲ့ ကျွန်မကို လက်ဖက်ပင်အောက်က ပန်းကြွေတွေက ရုတ်တရက် ဖမ်းစားလိုက်ပါတယ်။ အခုလေးတင် ကြွေသွားတာ. . . အများစုက ရိုးတံအပေါ်ထောင်နေပြီး အနည်းစုက အောက်စိုက်နေကြတယ်။ အစိမ်းရောင် ညှာတံတောင်မြင်ရတုန်း။ ထောင်ရက်ဖြစ်ဖြစ်၊ မှောက်ရက်ဖြစ်ဖြစ် ပုံစံအနေအထားက သပ်သပ်ရပ်ရပ် ထိုင်နေသလိုပဲ။ ကြာပွင့်ပေါ် ဘုရားထိုင်တော်မူနေသလိုပဲ။ သစ်ပင်အောက်ရွံ့မြေက မညီညာပါဘူး။ ဒါတောင် ပန်းကြွေက သူ့ရဲ့နောက်ဆုံး ကြွေလွင့်မှုကို ပရမ်းပတာ မဖြစ်စေခဲ့ဘူး။

မျက်စိရှေ့မှာ ရေအိုင်ငယ်တစ်ခုလို ရေတွေအိုင်နေပြီး ပန်းကြွေတွေက ရေပေါ်မှာမျောလို့။ သစ်ကိုင်းတွေကြား လေတိုးဝှေ့သွားတော့ ပွင့်ဖတ်တွေ တစ်ချက် တုန်ခါသွားတယ်။ ပန်းကြွေရဲ့အနေအထားက ကျွန်မကို နက်နက်နဲနဲ ခံစားသက်ဝင်စေလိုက်တယ်။

လွန်ခဲ့တဲ့နှစ်တွေက ရည်းစားဦးကို ကျွန်မ သတိရလိုက်မိတယ်။ အဝေးက ချစ်သူကို လွမ်းဆွတ်မိချိန်တိုင်း ခေါင်းလောင်းပန်းပင်အောက်မှာ ကျွန်မ ခေါက်တုန့်

mgyoe.com

mgyoe.com SAMPLE BOOK
ခေါက်ပြန် လမ်းလျှောက်တတ်ခဲ့တယ်။ အဲဒီပန်းလေးတွေက မနက်ခင်းပိုင်းမှာဆိုရင် နေမင်းဘက်လှည့်ပြီးမှုတ်တဲ့ စစ်ခရာဖြစ်သွားတယ်။ ညနေပိုင်းရောက်တော့ ရွှံ့မြေ ညစ်ညစ်မှာ ကြွေကျကုန်တယ်။ ဒီလိုပဲ သပ်သပ်ရပ်ရပ် မြေပြင်ပေါ် ထိုင်နေခဲ့ကြ တာ၊ တောင်ပံဖြန့်ပြီး ပျံသန်းမယ့်လိပ်ပြာတွေလို ထိုင်နေခဲ့ကြတာ၊ တရားထိုင်နေ တဲ့ သူတော်စင်တွေလို ထိုင်နေခဲ့ကြတာ။

မနက်ခင်းပိုင်းရဲ့ နှင်းမှုန်တွေက ပန်းကြွေပေါ် တလက်လက် တောက် လို့ အဲဒီတောက်ပမှုက လတ်လတ်ဆတ်ဆတ် ပွင့်လန်းတဲ့ပန်းတွေအတိုင်း ဂုဏ်ဝင့် နေခဲ့ကြတာ။ အဲဒီကတည်းက ပန်းကြွေရဲ့ပုံစံကို ကျွန်မ သတိထားမိတတ်ခဲ့တယ်။ ခရမ်းရောင် ခေါင်းလောင်းပန်းတွေ အကြိမ်ကြိမ် ပွင့်လန်းခဲ့ပေမယ့် မမေ့ရက်နိုင် ခဲ့တာက သူကြွေသွားတဲ့ ပုံစံအနေအထားကိုပါ။

သေဆုံးခြင်းက လျှော့စျေးမရှိတဲ့ လှပမှုတစ်မျိုးလည်း ဖြစ်နိုင်ပါတယ်။

နောက်ဆုံးခရီးရဲ့ သပ်ရပ်သေသပ်မှု. . . လှုကို အကိုင်လှုပ်နိုင်ဆုံး ခံစားချက်က ကျွန်မရဲ့အိမ်ရှေ့တံခါးဝမှာ ဆိတ်ဆိတ်ငြိမ်ငြိမ် ပြသနေပါတယ်။

ပွင့်ဖတ်တွေက ဒီအတိုင်း ဝါတဲ့အထိ၊ ညိုမည်းတဲ့အထိ၊ မြေကြီး ဖြစ် သွားတဲ့အထိ ပုဆစ်တုပ်ထိုင်လို့။

သဘာဝက သူ့ကိုပေးတဲ့နောက်ဆုံးရာသီမှာ ဝမ်းနည်းကြေကွဲမှု မရှိ လေးမြတ်ခန့်ညားခြင်းသာ ရှိခဲ့ပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# မိန်းမနှင့် ပန်းတို့အကြောင်း

(Chi Li)

ချစ်သူများနေ့တုန်းက ကျွန်မချိန်းဆိုမှုတစ်ခု လုပ်ထားပါတယ်။ အင်တာဗျူးဖို့ပါ။ အဲဒီနေ့မှာ အင်တာဗျူးမယ့် သတင်းထောက်မလေးက နောက်ကျမှ ရောက်လာတယ်။ ညမှောင်ရီပျိုးချိန်မှ သူအပြေးလေး ရောက်လာတယ်။ ပျာရိပျာယာနဲ့ ချောကလက်ဗူးက အိတ်ထဲကနေ တစ်ဝက်လောက် ထွက်နေတယ်။ လက်ထဲမှာက ညှိုးနွမ်းစပြုနေပြီဖြစ်တဲ့ နှင်းဆီပန်းနီနီတစ်စည်း ပွေ့ထားတယ်။ ဆောရီး. . . ဆောရီးနဲ့ ကျွန်မကိုတောင်းပန်ရင်း အသံသွင်းစက်ကို အိတ်ထဲကနေ ထုတ်ပြီး အလုပ်စမယ့်အနေအထားကို သူ အလျင်စလို ပြင်လိုက်တယ်။ လက်ထဲက နှင်းဆီပန်းကိုတော့ တစ်နေရာမှာ သူပစ်ထည့်ထားလိုက်တယ်။ အင်တာဗျူးပြီး ပြန်ခါနီးမှာ နှင်းဆီပန်းကို သူမေ့သွားတယ်။ ပန်းယူသွားဦးလို့ ကျွန်မအသိပေးတော့ သူက ပခုံးကျုံ့ပြပြီး "တော်ပါပြီ. . . မယူတော့ပါဘူး" လို့ ဆိုတယ်။

ဘယ်က အချစ်ကြီးသမားရဲ့ နှင်းဆီနီတွေလည်း မသိပါဘူး။ ကျွန်မလက်ထဲ ရောက်လာပါတယ်။ ပန်းကို ဒီအတိုင်းကြီး ကျွန်မ မပစ်ရက်ပါဘူး။ ဒီလိုနဲ့ ဟိုတယ်မှာ ပန်းအိုးတစ်လုံးတောင်းပြီး ထိုးထားလိုက်တယ်။ အဲဒီပန်းအိုးကို ဟိုတယ်မန်နေဂျာရဲ့ အလုပ်စားပွဲရှည်ကြီးမှာ တင်ထားလိုက်တယ်။ နောက်တစ်နေ့မနက်မှာ နှင်းဆီပန်းက လန်းဆန်းလို့နေတယ်။ လာသမျှ ဧည့်သည်တွေ၊ ပြန်သမျှ ဧည့်သည်တွေကို ကြိုနေခဲ့တယ်။ ချစ်သူများနေ့ထက်တောင် ပိုသင့်တော်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အနေအထားမျိုးနဲ့ ကြုံနေခဲ့တာပါ။ ကျွန်မက ဟိုတယ်ထဲ ဝင်ထွက်တိုင်း ပန်းကို တစ်ချက်ကြည့်ဖြစ်တယ်။ ဟိုတယ်မန်နေဂျာကလည်း ကျွန်မနည်းတူပဲ. . . မျက်ဝန်းထဲ ပြုံးရိပ်သန်းလို့။

သတင်းထောက်မလေးက ရုပ်မဆိုးပါဘူး။ ဒါပေမဲ့ နှင်းဆီပန်းအပေါ် ~~ က်ဆံမှုက ဖြစ်ကတတ်ဆန်းနိုင်လွန်းပြီး ကြောင့်ကြစိတ်နဲ့ ခြောက်ခြောက်သွေ့သွေ့ရှိလှတယ်။ ဒါဟာ သူ့နဂိုပုံရိပ်ကို ဈေးကျစေပါတယ်။

မာစတာဘွဲ့ရထားတဲ့ ကျွန်မမိတ်ဆွေရဲ့သမီးက ကျွန်မဆီမှာ စံပယ်ပန်းတစ်အိုး တောင်းတယ်။ တောင်းတုန်းကတော့ စံပယ်ပန်းကို ဘယ်လို ကြိုက်ကြောင်းပြောတာပေါ့။ နောက်တော့ အဲဒီစံပယ်ပင်က ဝရံတာထက်မှာ ညှိုးနွမ်းပြီး သေဆုံးသွားခဲ့ရတယ်။ ဒီမိန်းကလေးရဲ့ ကိုယ်ပေါ်မှာလည်း ကြောင့်ကြစိတ်နဲ့ စိုစိုပြေပြေမရှိလှဘူး။ ဘယ်လို အဝတ်အစားကောင်း၊ ဘယ်လိုဘွဲ့ပညာကမှ အဲဒီအရာတွေကို မကွယ်ထားနိုင်ခဲ့ဘူး။

ကျွန်မရဲ့တက္ကသိုလ်ဆရာမတစ်ဦးကို ကျွန်မ သတိရလိုက်ပါတယ်။ အဲဒီတုန်းက ကျွန်မက ဆင်းရဲသားကျောင်းသူတစ်ယောက်ပါ။ ကျွန်မကို ဆရာမက သူ့အိမ်ဖိတ်ပြီး ထမင်းကျွေးခဲ့ပါတယ်။ ဘဝမှာ ပထမဆုံးအကြိမ် ဆရာမချက်တဲ့ ရှားစောင်းပန်းဟင်းချိုကို ကျွန်မ သောက်ခဲ့ရတယ်။ အဲဒီဟင်းချိုက မွှေးလွန်းလို့ နှိုင်းပြဖို့စကားလုံး မရှိခဲ့ပါဘူး။

ကျွန်မရဲ့အသိမှတ်ဉာဏ်ထဲမှာ ဆရာမရဲ့အိမ်က ဆိတ်ငြိမ်တဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။ အဲဒီပန်းချီကားထဲမှာ စာအုပ်တွေရယ်၊ ရှားစောင်းပန်း ဟင်းချိုရယ်နဲ့ စိမ်းစိုတဲ့ ပန်းအိုးလေးတွေပါတယ်။ ဒါကြောင့် ဆရာမကို ကြည့်လိုက်ရင် တည်ကြည်ငြိမ်းချမ်းနေတယ်။ နောက်ပိုင်းမှာ ဆရာမက ပညာအရာမှာရော၊ အကျင့်စရိုက်အရာမှာပါ ကောင်းမွန်လွန်းခဲ့တာကြောင့် ရာထူးအဆင့်ဆင့် တိုးခဲ့တယ်။

မိန်းမတွေအတွက်ဆိုရင် လက်ဖဝါးလောက်ပဲရှိတဲ့ ပန်းအိုးပဲ ဖြစ်နေပါစေ ဒါဟာလည်း ပန်းနဲ့ပတ်သက်တာပါပဲ။ ပန်းနဲ့ပတ်သက်လာရင် မိန်းမတွေဟာ ဖြစ်ကတတ်ဆန်း လျစ်လျူရှုမရပါဘူး။ ပြောချင်တာက ပန်းပဲစိုက်စိုက်၊ မြက်ပဲမွေးမွေး ကြိုက်သလို စိုက်နိုင်မွေးနိုင်ပါတယ်။ ဒါပေမဲ့ ပန်း၊ မြက်အပေါ် ထားတဲ့ သိနားလည်မှု၊ အာရုံခံစားမှု၊ ရင်းနှီးမှု၊ သနားညှာတာမှုနဲ့ တန်ဖိုးထားမှုမှာ မိန်းမတစ်ယောက်ရဲ့ စိတ်နေသဘောထားကို တွေ့မြင်နိုင်ပါတယ်။

သဘာဝကျတဲ့ တောရွာနေ မိန်းကလေးတစ်ယောက်ဟာ မနက် အိမ်က

mgyoe.com

mgyoe.com SAMPLE BOOK

ထွက်လာပြီး ခြံစည်းရိုးကိုဖြတ်ချိန် စည်းရိုးပေါ်က ပန်းတစ်ပွင့်ကို လှမ်းခူးပန်လိုက်တယ်။ အဲဒီမိန်းကလေးဟာ ပိုလှပြီး ချစ်စရာကောင်းသွားတယ်။ ကွမ်ရင်မယ်တော်ရဲ့ လက်ထဲမှာလည်း သစ်ခက်တစ်ခက်က အမြဲပါတတ်တယ်။ ဘုရားကျောင်းဆောင်ထဲက ပန်းရနံ့ဟာလည်း ဆိတ်ငြိမ်ပြီး ကျက်သရေ ရှိတယ်။ ပန်းက အသွင်ပုံစံတစ်ခု ချည်းသက်သက် မဟုတ်ပါဘူး။ သူဟာ အချိန်နဲ့ဆိုင်ဆိုင် မဆိုင်ဆိုင်၊ သူဟာ ငွေကြေးနဲ့ဆိုင်ဆိုင် မဆိုင်ဆိုင်. . . သူဟာ ရုပ်ဝတ္ထုတစ်ခုဖြစ်တယ် ဆိုပေမယ့် ရုပ်ဝတ္ထုလောကနဲ့ မဆိုင်ပါဘူး။ သူဟာ အလှတရားနဲ့ ဆိုင်ပါတယ်။ ဒါကလည်း သက်ရှိတစ်မျိုး ရဲ့ အလှတရား ဖြစ်တယ်။ သူဟာ သဘာဝတရားနဲ့မိန်းမတို့ကြားက လျှို့ဝှက်ဘာသာစကား ဖြစ်တယ်။ ထာဝရ ဘာသာစကား ဖြစ်ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# နေကိုဗဟိုပြုသော ပန်းကလေးတစ်ပွင့်
(Cao Shang Feihong)

ဥယျာဉ်ထဲမှာ ပန်းကလေးတစ်ပွင့် ရှိတယ်။ အဲဒီပန်းက ဘာပန်းမှန်း ကျွန်မ မသိဘူး။ ဂန္ဓမာ မဟုတ်သလို နှင်းဆီလည်း မဟုတ်ဘူး။ မိုးဆန်းပန်းလည်း မဟုတ်သလို ကျူးလစ်ပန်းလည်း မဟုတ်ဘူး။ နေကြာပန်းလည်း မဟုတ်ဘူး။ ဒါပေမဲ့ ပန်းကလေးက နေ့တိုင်း "ငါဟာ နေကြာပန်း. . . နေကြာပန်း" လို့ တခြားပန်းတွေကို ပြောနေခဲ့တယ်။

"နေထွက်လာတော့ နင်က နေပတ်ရာလမ်းကြောင်းအတိုင်း ဇွဲရှိရှိ လိုက်မလည်နေခဲ့ဘူးပဲ" လို့ တခြားပန်းတွေက ပြောတယ်။

"ဒါက. . . တကယ့်နေ မထွက်လာသေးလို့ပေါ့" လို့ ပန်းကလေးက ပြောတယ်။

အဲဒီပန်းကလေးရဲ့ ရင်ထဲက တကယ့်နေဆိုတာ ဘယ်သူဖြစ်မလဲ။

အခြားပန်းတွေက အချင်းချင်း တီးတိုးပြောဆို စပ်စုကြတယ်။ ဒါပေမဲ့ ဒီကိစ္စကို သူတို့ မြန်မြန်မေ့သွားကြပြီး ကိုယ့်ပန်းပွင့်ကိုသာ သူတို့ ဂရုတစိုက် ဖူးပွင့်ကြတော့တယ်။

တစ်နေ့မှာ ဥယျာဉ်ထဲ ဘုရင်လာရောက်လှည့်ပတ်မယ်လို့ သတင်းစကားတစ်ခွန်း ပျံ့လွင့်လာပါတယ်။ အဲဒီပန်းကလေးကလွဲလို့ တခြားပန်းတွေက အံ့ဩဝမ်းသာဟန်လည်း မပြခဲ့ပါဘူး။ မြင့်မြတ်တဲ့ဘုရင်တစ်ပါးက ပျားတစ်အုပ်

mgyoe.com

mgyoe.com SAMPLE BOOK

လောက်တောင် သူတို့အတွက် အရေးမပါလို့ပေါ့။ ပန်းကလေးက ဒီလိုပတ်ဝန်းကျင်မှာ မနေချင်ခဲ့ဘူး။ ဒါပေမဲ့ ဘုရင်ကို ကြိုဆိုချင်လို့ အခြားပန်းတွေရဲ့ တုံ့နှေးရိုးအ,တာတွေကို သည်းခံပြီး ဘုရင်ကိုကြိုဖို့ တစ်ညလုံး ပြင်ဆင်မှုတွေ လုပ်နေခဲ့တယ်။

နှင်းစက်နဲ့ သူ့မျက်နှာ အခါတစ်ရာ သစ်လိုက်တယ်။ တအောင့်လောက်ကြာတာနဲ့ မျက်နှာကို နီစွေးစွေးလေးဖြစ်အောင် သူပွတ်သပ်နေလိုက်တယ်။ ပြီးတော့ ပန်းရနံ့တွေနဲ့ တစ်ကိုယ်လုံးကို မွှေးကြိုင်နေအောင် ဖြန်းလိုက်သေးတယ်။ အဝတ်အစားတွေ အစုံစုံစမ်းဝတ်ကြည့်ပြီး နောက်ဆုံးမှ လက်လက်ထနေတဲ့ အစိမ်းရောင်ဝတ်စုံကိုဝတ်ပြီး ဘုရင်ကို ကြိုဆိုတာဟာ အသင့်တော်၊ အဆင့်မြင့်ဆုံးလို့ သူယုံကြည်လိုက်တယ်။ အဲဒီနောက် ခါးကို မတ်မတ်ထောင်ပြီး ဘုရင်ရောက်အလာကို သူ စောင့်မျှော်နေခဲ့တော့တယ်။

ဘုရင်ရောက်လာချိန်မှာ အဲဒီပန်းကလေးဟာ အခြားပန်းတွေထက် ထင်းနေအောင် ခြေဖျားထောက် မျက်နှာကိုမော့ပြီးနေတယ်။ အခြားပန်းတွေက သူတို့နဲ့မဆိုင်သလို ဘုရင်ကို မျက်စောင်းနဲ့တောင် မကြည့်ဘဲ လေယိုင်ရာ နောက်ယိမ်းနွဲ့လို့သာနေတယ်။ ပန်းကလေးကတော့ ဘုရင့်ကို အဖက်မလုပ်ရကောင်းလားဆိုပြီး အခြားပန်းကို စိတ်မဆိုးအားပါဘူး။ သူ့ပွင့်လွှာနဲ့ပဲ ဘုရင်ကို ပတ်ပတ်လည်ဝိုင်းနေလိုက်တော့တယ်။ ဒီလိုအချိန်မှာ ကိုယ့်ကိုယ်ကိုယ် အလှဆုံး၊ အမွှေးဆုံး၊ အရိုးသားဆုံး၊ အလေးအမြတ်ထားဆုံး အနေအထားဖြစ်အောင် သူကြိုးစားလိုက်တယ်။ ဒါပေမဲ့ တစ်ညလုံး မအိပ်ခဲ့ရလို့ပဲလား၊ ဘုရင့်ကိုယ်ရောင်က စူးရှလင်းတောက်လို့ပဲလား မသိ၊ မူးတယ်လို့ ရုတ်တရက် သူခံစားလိုက်ရတယ်။ ဒါတောင်ကိုယ်ကို သူထောင်မတ်ပြီး အစွမ်းကုန် ပွင့်လန်းနေခဲ့သေးတယ်။ သူ့ရှေ့ကနေ ဘုရင် ဖြတ်သွားမှ သူဟာ အရုပ်ကျိုးပြတ်သလို ဘုံးခနဲ လဲကျသွားတော့တယ်။

ဥယျာဉ်ကနေ ဘုရင် ထွက်ခွာသွားတာနဲ့ တခြားပန်းတွေက သက်ပြင်းရှည်ကြီးချပြီး လွတ်လပ်ပေါ့ပါး သွားကြတယ်။ မူးလဲသွားတဲ့ ပန်းကလေးကို ဘေးက အခြားပန်းတွေက ထူမတ်ပေးလိုက်တော့ ပန်းကလေးဆီကနေ "ဘုရင်မင်းမြတ် . . . ဘုရင်မင်းမြတ် . . . ကျွန်မရဲ့ နေမင်းကြီး" လို့ တီးတိုး အော်သံကို ကြားလိုက်ရတယ်။ ပန်းကလေးရဲ့ တကယ့်နေက ဘုရင်မင်းမြတ်ပါလားဆိုပြီး အခြားပန်းတွေက မထင်မှတ်ဘဲ ရယ်လိုက်ကြတော့တယ်။

အဲဒီနောက်ပိုင်း ဥယျာဉ်ဆီကို ဘုရင် ရောက်မလာခဲ့တော့ပါဘူး။ အခြားပန်းတွေက စိတ်အားထက်သန်စွာ၊ ဘာကိုမှ အလေးမစိုက်ဘဲ သူတို့ဘာသာ အစွမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

ကုန် ဖူးပွင့်နေကြတယ်။ အဲဒီပန်းကလေးသာ တစ်နေ့တခြား ညှိုးငယ်လာတော့တယ်။ ဘာအရောင်အဝါမှ မထွက်တဲ့ တခြားပန်းရှုသူတွေကို သူမုန်းသထက်မုန်းလာခဲ့တယ်။ ပန်းခြံထဲက သူနဲ့မျိုးတူတွေအပေါ် မှာလည်း ဘာမျှော်လင့်ချက်မှ ထားမနေခဲ့တော့ဘူး။ အဲဒီလိုနဲ့ ပွင့်ဖတ်တွေကို ထုပ်သိမ်းပြီး နန်းတော်အနီးနားမှာ သွားနေဖို့ သူထွက်ခွာခဲ့တော့တယ်။ ဘုရင်ရဲ့အာရုံစိုက်ခံရဖို့ကို သူမျှော်လင့်ခဲ့တယ်။ ဒါ့အပြင် ဟန်ပါပါ မာန်ပါပါနဲ့ ဘုရင်ရဲ့ တော်ဝင်ဥယျာဉ်ခြံထဲအထိ ပေါက်ရောက်ဖူးပွင့်ပြီး သူ့ရဲ့နေမင်းကြီးကို နေ့တိုင်းလှည့်ပတ်နိုင်ဖို့ သူစိတ်ကူးအိပ်မက် ရှိခဲ့တယ်။

ဒီပန်းပွင့်လေး ကံကောင်းပါတယ်။ မှူးမတ်တစ်ဦးက သူ့ကို မထင်မှတ်ဘဲ တွေ့မိသွားတယ်။ ပန်းလေးက ချစ်စရာကောင်းပြီး သင်းကြိုင်လွန်းတာမို့ မှူးမတ်ကခူးပြီး ဘုရင့်ကို ဆက်လိုက်တယ်။ ဘုရင်က မှူးမတ်ကို ချီးမွမ်းစကား ဆိုတယ်။ ဒါဟာ ပန်းကလေးကို ချီးမွမ်းစကားဆိုတာနဲ့ အတူတူပဲပေါ့။ ပန်းကလေးက နာကျင်ရသလို ပိုလည်းဂုဏ်ယူနေခဲ့မိတယ်။ ဒီလိုနဲ့ သူဟာ ပန်းအိုးအထိုးခံရပြီး ဘုရင်သုံးတဲ့ခုံပေါ် မှာ တင်ထားလိုက်တော့တယ်။

ကိုယ့်ရဲ့စိတ်ကူးအိပ်မက် အကောင်အထည်ပေါ် ခဲ့လို့ ပန်းကလေးမှာ ဝမ်းသာပျော်ရွှင်တဲ့မျက်ရည်တွေ စီးကျခဲ့တယ်။

ဒါပေမဲ့ နောက်တစ်နေ့ မနက်မှာပဲ သူရဲ့ပွင့်ဖတ်တချို့ စကြွေပါတယ်။ ပွင့်ဖတ်တချို့ ကျန်နေသေးတယ် ဆိုပေမယ့် ဘုရင်က အခိုင်းအစေကို ပန်းအိုးလဲခိုင်းပါတယ်။ သူကိုတော့ အမှိုက်ပုံးထဲ ဖြစ်ကတတ်ဆန်း ပစ်ထည့်ပြီး သိပ်မကြာခင်မှာပဲ နန်းတော်ထဲကနေ စွန့်ပစ်ခံလိုက်ရတယ်။

ဥယျာဉ်မှာကျန်ခဲ့တဲ့ ပန်းတွေကတော့ အကြာကြီး ဖူးပွင့်ကြပြီးမှ ညှိုးနွမ်းသွားကြတယ်။ ပြီးတော့ အသီးတွေသီးကြ၊ မျိုးစေ့တွေပွားကြနဲ့ ဖူးပွင့်ဖို့ နောက်တစ်ရာသီကို စောင့်မျှော်နေခဲ့ကြပါတော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းပွင့်သံကို ကြားလိုက်တယ်

(Gu Bao Xiang)

ပန်းပွင့်သံကို လူသားတွေ ခိုးနားထောင်လိမ့်မယ် ဆိုတာ ကျွန်မဖြင့် တစ်ခါမှ မယုံခဲ့ဘူး။ ဒါဟာ စာအုပ်ထဲမှာ အများဆုံးတွေ့ရတဲ့ လှပတဲ့ အလိမ်အညာ လှည့်စားမှုတစ်ခုလို့ပဲ ထင်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ဝါဒီတွေ စီးဆင်းနေတယ်၊ ဒီလောကကြီး အလှမဲ့နေတဲ့အတွက်ကြောင့်ပါပဲ။ ဒါကြောင့် အနုပညာသည်တွေက သူတို့တွေမြင်တဲ့ အလှတရားကို အခြားနည်းလမ်းနဲ့ မြှင့်တင်ခဲ့ကြတယ်။

ပန်းက အဲဒီနေရာမှာပဲ ဒီအတိုင်း ရှိနေပါတယ်။ မကျေမနပ်လည်း မဖြစ်၊ ပျော်လည်း မပျော်ရွှင်။ စိတ်လည်းမတို၊ ရယ်လည်းမရယ်ဘဲ ဒီအတိုင်း ရှိနေခဲ့တာပါ။ သူတို့က သဘာဝတရားအတွက် သဘာဝကျတဲ့ အနုပညာထည်ပေါ့။ လူတွေမှာ လူစကားရှိသလို ပန်းတွေမှာလည်း ပန်းစကားရှိတယ်။ လူတွေ ကိုယ့်လမ်းကိုယ် လျှောက်၊ ကိုယ့်အရက် ကိုယ်သောက်၊ ကိုယ့်လောဘ ကိုယ်ရှိသလိုမျိုးပေါ့။ ပန်းတွေကလည်း သူတို့ပန်း သူတို့ကိုယ်တိုင်ပွင့်ကြတယ်၊ သူတို့မှာ သူတို့ကိုယ်ပိုင်အချိန်နဲ့ ကိုယ်ပိုင်စည်းကမ်းရှိကြတယ်။

ဒါပေမဲ့ တစ်နေ့မှာ ညသန်းခေါင်အချိန် သားနဲ့အတူ ကျွန်မ အပြင်ထွက်ခဲ့တယ်။ ရေကန်ဘေးတစ်ခုရောက်တော့ အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဘေးပတ်လည်တစ်ခုလုံး ဘာသံမှ မကြားရဘူး။ ရေစီးလည်း ရပ်တန့်နေတယ်။ ရေကန်က ရေသေအိုင်တစ်ခုဖြစ်လို့နေတယ်။ နှလုံးခုန်သံကာ

mgyoe.com

mgyoe.com SAMPLE BOOK
ခန္ဓာကိုယ်တွင်းမှာ သီးခြားခွဲခံထားရတယ်။ တစ်ယောက်ရဲ့ နှလုံးခုန်သံကို နောက်တစ်ယောက်က မခံစားနိုင်တဲ့အချိန်ပေါ့။ သားက ရုတ်တရက် မှင်တက်ပြီး ကျွန်မကို လှည့်ပြောတယ် "ပန်းပွင့်သံကို သားကြားလိုက်တယ် မေမေ" တဲ့။

"လျှောက်မပြောနဲ့. . ." သားကို ကျွန်မ ဟန့်လိုက်တယ်။ ကျွန်မ အဟန့်ကို စိန်ခေါ်သလိုနဲ့ သားက ကျွန်မလက်ကိုဆွဲပြီး Malus Spectabilis ပန်းရှေ့ ရပ်လိုက်တယ်။

"ပန်းတစ်ပွင့် ပွင့်တာကိုကြည့်ဖို့ စိတ်ကိုငြိမ်ငြိမ်ထား၊ အသက်ကို အောင့်ထား" လို့ သားက သူ့ဒသနကို ပြောပြတယ်။ သားပြောသလို ကျွန်မ လိုက်လုပ်လိုက်တယ်။ နှလုံးမကောင်းပေမယ့်၊ ချွေးတွေ ရွှဲနေပေမယ့်၊ ခေါင်းပေါ်က ပန်းတွေကြွေနေပေမယ့်၊ တစ်ခါတလေမှာ သူ့ကို ဗျစ်တောက်တောက် ပြောဆိုတတ်ပေမယ့်၊ ကျွန်မ ရေးဆွဲတဲ့လမ်းအတိုင်း သူ့ကို ရှေ့ဆက်ဖို့ တောင်းဆိုခဲ့ပေမယ့် ဒီတစ်ခါတော့ သူ့ပြောဆို လမ်းညွှန်မှုကို ကျွန်မ ယုံကြည်လိုက်တယ်။

တကယ်ပဲ "ချပ်" ဆိုတဲ့ အသံတစ်သံက တိုးတိုးလေး လွင့်လာပါတယ်။ Malus Spectabilis ပန်းပွင့်သံက နှစ်ပေါင်းများစွာ ရှေးရိုးစွဲနေတဲ့ ကျွန်မအစွဲကို ထိုးဆွလိုက်တယ်။ သားက ကျွန်မကို ဝမ်းသာအားရ ခေါင်းညိတ်ပြတယ်။ ကိုယ့်ကိုယ်တိုင်ကလည်း အခုပဲ ပွင့်လန်းတော့မယ့် ပန်းတစ်ပွင့်လို ဖြစ်သွားတယ်။

ပန်းက ဆက်တိုက် ပွင့်အာသွားတာမျိုးတော့ မဟုတ်ဘူး။ သူတို့ရဲ့ ကြီးမြတ်တဲ့ စိတ်နေစိတ်ထားကို လူတွေဖျက်ဆီးလိမ့်မှာကို ကြောက်လို့ပဲလား၊ ဒါမှမဟုတ် ပျားပန်းခတ်လှုပ်ရှားနေတဲ့ လူသားတွေက သူတို့ရဲ့ပွင့်အာသံကို ဂရုမစိုက်မိမှာကို စိုးကြောက်လို့ပဲလားမသိ။ ဒါကြောင့် သူတို့ဟာ ခန္ဓာကိုယ်ကိုပွင့်အာချိန် အလွန်သတိထားကြတယ်။ ပွင့်လန်းမယ့် သူတို့ရဲ့ စိတ်ကူးအိပ်မက်ကို လူတွေ နှောင့်ယှက်မှာ စိုးကြတယ်။

ပန်းပွင့်သံကို ကြားလိုက်ရပြန်တယ်။ စိတ်ရဲ့အနက်ရှိုင်းဆုံးတစ်နေရာကနေ သားနဲ့ကျွန်မတို့ ခံစားလိုက်ကြတယ်။

အဲဒီညက လပိုင်းပြီး ကြယ်တွေကျဲတဲ့ညပေါ့။ မျိုးဆက်မတူတဲ့ ကျွန်မတို့ နှစ်ယောက်ဟာ တစ်လောကလုံးမေ့ပြီး ပန်းတစ်ပွင့်ပွင့်သံကို နားစွင့်နေမိခဲ့ကြတယ်။ လျှို့ဝှက်ဖုံးကွယ်လည်းမထား၊ မင်ရည်လည်းမလို၊ စာရေးဆရာ ကလောင်အောက်က အဖွဲ့အနွဲ့လည်း မဟုတ်၊ အနုပညာရှင်ရင်ထဲကလာတဲ့ တန်ဆာဆင်မှုလည်း မဟုတ်ဘဲ ကိုယ်တိုင်သတ်မှတ်ထားတဲ့ အချိန်လေးမှာ သူ့ပွင့်လန်းလိုက်တာ

mgyoe.com

mgyoe.com SAMPLE BOOK

ပါ။ မျက်စိမှုန်တဲ့ လူနှစ်ယောက်က ဒီပွင့်လန်းချိန်လေးနဲ့ ရုတ်တရက် ထိပ်တိုက်တိုးခဲ့တာပါ။

တကယ်ပဲ ဒီလောကမှာ ပန်းပွင့်သံရှိနေခဲ့တာပဲ။ ဒီလောကမှာ အရိုးစင်းဆုံး၊ အဖြူစင်ဆုံး၊ အလှပဆုံးအရာက ကိုယ်တို့နံဘေးမှာ ရှိနေခဲ့တာပါ။ ပန်းဟာ ဒီလောကရဲ့ မျက်မှောင်တစ်ကြုတ် အရယ်တစ်ခုပေါ့။ အပင်လောကရဲ့ အဆန်းကြယ်ဆုံးဇာတ်ဆောင် ဖြစ်တယ်။ လေလည်း ဟုတ်၊ လှိုင်းလည်း ဟုတ်၊ လရိပ်လည်းဟုတ်၊ ပိုးကောင်ရဲ့အပြုံးလည်း ဟုတ်တယ်။

ပန်းပွင့်နဲ့တူတဲ့ လှပမှုတွေက ကျွန်မတို့နံဘေးမှာ အချိန်တိုင်း အခါတိုင်းရှိနေခဲ့ပါတယ်။ ကျွန်မတို့ကသာ ပလောင်ဆူတဲ့ ရင်အစုံကြောင့် မကြားမမြင်ခဲ့ကြဘူး။ ဘယ်လိုလုပ်ပြီး သတ္တလောကအကြောင်း သိနားလည်တော့မလဲ။

လူဟာ အခက်အခဲကြုံချိန်မှာ သဘာဝလောကရဲ့အလှဆုံး ဖေးမကူညီမှုကို ရရှိတတ်ကြတယ်။ သာမန်အချိန်မှာ မတွေ့မမြင် သတိမထားမိတတ်တဲ့ နွေးထွေးမှုနဲ့ ချစ်ခြင်းကို ခံစားရတတ်ကြတယ်။ လူတွေရဲ့ သနားညှာတာမှုအပြင် အခက်အခဲကြုံသူအများမှာလည်း ကြင်နာစိတ်ရှိကြတယ်လို့ ကျွန်မ ထင်တယ်။ ကြင်နာခြင်းက ကူးစက်တတ်ပါတယ်။ အခုလို ပင်ပန်းနွမ်းလျနေသူ နှစ်ဦးဟာ လရိပ်အောက်မှာ ပန်းပွင့်သံကိုနားစွင့်ရင်း စိတ်ဝိညာဉ်ထဲကနေ မထင်မှတ်တဲ့ နတ်တေးသံကို ကြားလိုက်ရသလိုမျိုးပေါ့။

လောကမှာ ပန်းပွင့်သံက အလှဆုံးရောဂါကုဆေးပေါ့။ အသည်းကွဲသူအတွက် အားဖြည့်အချိုရည်၊ ကျရှုံးသူအတွက် နှစ်သိမ့်ဆေးတစ်ပါး ဖြစ်တယ်။

အမေရိကန်စာရေးဆရာ Emerson က ပြောဖူးတယ်။

ငှက်သံကိုနားစွင့်တတ်သူကမှ ဒီလောကကို တကယ်ပိုင်ဆိုင်ဖူးပါတယ်တဲ့။ ငှက်တေးသံ၊ ပန်းပွင့်သံတွေက သဘာဝတရားရဲ့ တကယ့် လက်ဆောင်မွန်တွေဖြစ်တယ်။ ပန်းပွင့်သံက ငှက်သံထက် ညင်သာတယ်၊ အသံတိတ်တယ်။ လူတွေရဲ့ အာရုံစူးစိုက်မှု၊ ဇွဲလုံ့လကို နက်နက်နဲနဲ ပိုစမ်းသပ်တယ်။ တကယ်လို့ သိုသိပ်မှုမရှိဘူး၊ အတွေးတွေလည်းရှုပ်နေပြီး ညနက်သန်းခေါင်မှာ ပန်းပွင့်နဲ့ ချိန်းဆိုမှုတစ်ခု သင်မလုပ်ခဲ့ရင် ပန်းတစ်ပွင့်ရဲ့ရနံ့ကို သင်ဘယ်တော့မှ နမ်းရှိုက်နိုင်မှာ မဟုတ်ပါဘူး။

အခု သက်ရှိထင်ရှားရှိနေချိန်မှာ ပန်းပွင့်သံကို ကျွန်မ ကြားလိုက်ရပါပြီ။ ကျွန်မတည်ရှိနေကြောင်းကိုလည်း ပန်းတစ်ပွင့်က သိရှိသွားခဲ့ပါပြီ။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

## ပန်းကလေးရဲ့ မင်္ဂလာပွဲ
## (Da Jie)

မြက်ခင်းပြင်ကြီးပေါ်မှာ အဖြူရောင်ပန်းကလေးတစ်ပွင့် ရှိတယ်။

အဲဒီပန်းကလေးက လည်ပင်းရှည်ရှည်နဲ့ ဖြည်းဖြည်းညင်သာ က,နေတယ်။ ဒီကနေ့မှာ ပန်းကလေးက သူ့ကိုယ်သူ အလှဆုံးပြင်ထားတယ်။ သူလက်ထပ်တော့မယ်။

မြက်ခင်းပြင်တစ်ခုလုံး သူလက်ထပ်မယ့်နေ့ကို သိကြတယ်။ မြက်ခင်းပြင်တစ်ခုလုံးက ပန်းကလေးနဲ့အတူ ယိုင်ထိုးနေတယ်။ ဒီအချိန်မှာ လေညင်းဟာ ဟိုးအဝေးကနေလာပြီး သစ်ရွက်ပေါ်က ပြည့်ဝဝနှင်းစက်တွေကို ယူနေတယ်။ ပျားနဲ့ လိပ်ပြာက ပွင့်ဖတ်ပေါ် နားရင်း တစ်ဖက်မှာ သူတို့ရဲ့ဦးမှင်နဲ့ ခြေထောက်ပေါ်က ဝတ်မှုန်ကိုစုရင်း တစ်ဖက်မှာလည်း သူတို့နှုတ်ခမ်းထောင့်က ဝတ်ရည်ကို ယက်နေကြတယ်။

ပန်းကလေးတစ်ပွင့် မင်္ဂလာပွဲ ကျင်းပတော့မယ်။ သူ့မှာ ဝတ်ဆင်စရာ များများစားစား မရှိပါဘူး။ အဆောင်အယောင်လည်း မရှိပါဘူး။ သူ့မှာ အလှပဲ ရှိတယ်။ ဒါပေမဲ့ သူချမ်းသာတယ်။ မြက်ခင်းပြင်တစ်ခုလုံးက သူ့အိမ်ပေါ့။ လောကမှာ ရှိရှိသမျှ ပန်းပွင့်တွေက သူ့ညီအစ်မတွေဖြစ်တယ်။ ကောင်းကင်တစ်ခွင်လုံးက သူ့အိမ်တွေပဲ။ ကြယ်လေးတွေက သူ့မီးအိမ်ဖြစ်တယ်။ သူမင်္ဂလာပွဲကျင်းပတော့ ပွင့်ဖတ်တွေက အကုန်ပွင့်အာကြတယ်။ ဝတ်ဆံကနေ လူကိုမူးယစ်စေတဲ့ မွှေးရနံ့

mgyoe.com

mgyoe.com SAMPLE BOOK

တွေ ထုတ်လွတ်တယ်။

ဒီနွေဦးမှာ မြက်ခင်းပြင်ပေါ် ကျွန်တော်ဖြတ်သွားချိန်နဲ့ ကြုံလို့ ဒါတွေအားလုံးကို ကျွန်တော် မြင်တွေ့ခွင့် ရလိုက်တာပါ။ ပန်းကလေး မင်္ဂလာပွဲကျင်းပနေချိန်မှာ မြက်ခင်းပြင်တစ်ခုလုံးက ပန်းတွေဟာလည်း ပွင့်ဖတ်ကို ငွားစွင့်လိုက်ကြတာတွေတော့ ကျွန်တော် အံ့သြတုန်လှုပ်သွားမိတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် မြက်ခင်းပြင်က ပန်းကလေးတွေရဲ့ စုပေါင်းမင်္ဂလာပွဲကို ကျွန်တော် အချိန်မီရောက်လာခဲ့ပြီဆိုတာ သိလိုက်ရတယ်။ ဒီလို ခမ်းနားကြီးကျယ်တဲ့ပွဲမှာ ကျွန်တော်ဟာ ကံကောင်းသူတစ်ယောက်အဖြစ် လေးမြတ်စွာ ကောင်းချီးမင်္ဂလာ ချီးမြှောက်ပါတယ်။ တစ်ချိန်တည်းမှာပဲ မြက်ခင်းပြင်ပေါ်မှာ သက်ရှိတစ်ခုတိုင်းကိုလည်း ကျွန်တော် လေးမြတ်ကြည်ညို ဂါဝရပြုမိပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# သစ်ရွက်နှစ်ရွက်ရဲ့ လွတ်ငြိမ်းရာ
(Yang FuCheng)

သစ်ရွက်တစ်ရွက် မြေပေါ် ကြွေကျလာတယ်၊ နောက်သစ်ရွက် တစ်ရွက်လည်း ထပ်ကြွေကျလာတယ်။ တစ်ရွက်က အဝါရောင်၊ တစ်ရွက်က အစိမ်းရောင်။

သစ်ရွက်ဝါက သစ်ရွက်စိမ်းကိုတွေ့တာနဲ့ တဟားဟား အော်ရယ်ပြီး-

"ကြည့်စမ်း. . . မင်းပုံစံကလည်း ထူးဆန်းပြီး ရုပ်ဆိုးလိုက်တာ"လို့ဆိုတယ်။

သစ်ရွက်စိမ်းက ကိုယ့်ပုံစံကို ကြည့်ပြီး-

"ရုပ်မဆိုးပါဘူး။ လောကမှာ ကျန်းမာတဲ့သစ်ရွက်တိုင်း ငါ့ပုံစံမျိုးပဲလေ မဟုတ်လား"

သစ်ရွက်ဝါက သစ်ရွက်စိမ်းစကားကိုကြားတော့ တဟားဟား အော်ရယ်ပြန်တယ်။

"မင်းကတော့ ချစ်စရာကောင်းပဲကွာ၊ မင်းကန်းနေတာတော့ မဟုတ်လောက်ပါဘူးနော်"

"ကန်းနေတာက ဘယ်သူလဲဗျ၊ ခင်ဗျားဘာကြောင့် ကျုပ်ကို ကန်းတယ်လို့ ပြောရတာလဲ"

သစ်ရွက်စိမ်းက စိတ်လိုက်မာန်ပါမေးတယ်။

"မင်းသာ အကန်းမဟုတ်ရင် ငါ့ရွှေဝါရောင်ကိုယ်ထည်ကို ဘာဖြစ်လို့

mgyoe.com

mgyoe.com SAMPLE BOOK

မမြင်တာလဲ။ ဘာဖြစ်လို့ တစ်လောကလုံးကသစ်ရွက်တွေက မင်းပုံစံချည်းပဲလို့ ပြောရတာလဲ"

"ခင်ဗျားကသာ တကယ့်ငတုံးပါဗျာ၊ ခင်ဗျားအရောင်ကို ခင်ဗျားက လှတယ်လို့ ထင်တာလား။ ဒါက ညှိုးနွမ်းသေဆုံးတော့မယ့် အရောင်ဗျ။ ဒီလောကမှာ ခင်ဗျား ဘယ်နှရက်မှ မနေရတော့ပါဘူး"

သစ်ရွက်စိမ်းက သက်ပြင်းချပြီး ပြောတယ်။

"ဟား. . . ဟား. . . ဟား. . . ဘာမှမသိတဲ့ ငတုံးရဲ့၊ ကျုပ်အရောင် ဘာအရောင်လဲ မင်းသိလား။ ဒါက အထက်တန်းစား အရောင်ဗျ၊ ကျုပ်အဖေ၊ ကျုပ်အဘိုး၊ ကျုပ်အဘိုးရဲ့ အဘိုး. . . အားလုံးက ဒီအရောင်ပဲ။ ဒါဟာ ကျုပ်တို့ အထက်တန်းစားရဲ့ သွေးကြောကွ"

"ခင်ဗျား သွားပြီ. . . အရင်နေ့တွေတုန်းက ခင်ဗျားလည်း ကျုပ်လို အရောင်မျိုးပဲ။ နောက်ရက် နည်းနည်းကြာရင် ခင်ဗျားပိန်လိမ်ခြောက်သွားတော့မှာ။ နောက်ထပ် ရက်နည်းနည်းကြာရင် ခင်ဗျား မြေဆွေးဖြစ်သွားတော့မှာ"

အားပါးတရပြောနေတဲ့ သစ်ရွက်ဝါရဲ့စကားကိုဖြတ်ပြီး သစ်ရွက်စိမ်းက ပြောလိုက်တယ်။

"မဖြစ်နိုင်ဘူး. . . မဟုတ်ဘူး၊ မင်းလို ငါ ရုပ်မဆိုးခဲ့လောက်ဘူး၊ နောက်ရက်တွေမှာလည်း ငါညှိုးသေသွားမှာ မဟုတ်ဘူး။ ဒါ လုံးဝမဖြစ်နိုင်တာ။ ခင်ဗျား ငလိမ်"

သစ်ရွက်ဝါက ကြောက်အားလန့်အား အော်တယ်။

"ကျုပ်က ဘာလို့လိမ်ရမလဲ၊ ခင်ဗျား နားထောင်ကြည့်စမ်း။ ကျုပ်ပြောတာမှန်လို့၊ သေချာလို့ လေကတောင် လက်ခုပ်တီးထောက်ခံနေပြီ"

သစ်ရွက်ဝါက ကိုယ့်ရွှေဝါရောင် အသားအရည်ကို ကြည့်လိုက် တသုန်သုန်တိုက်သွားတဲ့ လေရဲ့လက်ခုပ်သံကို နားစွင့်လိုက် လုပ်နေတယ်။ ပြီးမှ ယုံတဝက် မယုံတဝက်နဲ့-

"မင်းရော. . . ညှိုးသေနိုင်သလား" လို့ သစ်ရွက်စိမ်းကို မေးတယ်။

"ကျုပ် မသေတတ်ဘူး၊ ကျုပ်မှာ မြင့်မြတ်တဲ့ အတွေးအခေါ် ရှိတယ်၊ ဖြူစင်တဲ့ စိတ်ဝိညာဉ်ရှိတယ်၊ ကျုပ်က အမြဲစိမ်းစိုနေမှာ"

သစ်ရွက်စိမ်းကို သစ်ရွက်ဝါ လေးစားကြည်ညိုစိတ် ဖြစ်လာတယ်။

"ကျုပ်ရော အမြဲစိမ်းစိုနိုင်မလား" လို့ အားနာပါးနာ သူမေးတယ်။

mgyoe.com